မဟာစာပေ


အမှတ် ၁၅၂၊ ဇေယျာသုခလမ်း၊ က–ရပ်ကွက်၊ သုဝဏ္ဏ
သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။

**၀၉ ၄၅၀၆၂၃၃၈၃ ၊ ၀၉ ၄၅၀၆၂၃၃၈၄**

sarpaymahar@gmail.com
www.facebook.com/maharsarpaypublishing
www.maharsarpay.com

| | |
|---|---|
| ထုတ်ဝေခြင်း | **ဒုတိယအကြိမ်** |
| | **မေလ၊ ၂၀၂၅ ခုနှစ်** |
| စောင်ရေ | **၁၀၀၀** |
| မျက်နှာဖုံးပန်းချီ | **ကျော်ပြောင်** |
| ထုတ်ဝေသူ | **ဒေါ်သိမ့်သူစိုး (၀၁၂၈၅)** |
| ပုံနှိပ်သူ | **ဦးဝင့်ပိုလ်ပိုလ်(နန်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၅၁၃၆၃၆** |
| | **အမှတ်-၁၉၄-၁၉၆၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** |
| စာစီ ၊ စာစစ် | **ညီမြာဆတ် ၊ ဟိန်းဆက်သွင်** |
| စာအုပ်ချုပ် | **ကိုမဲ (ငွေအိမ်စည်စာအုပ်ချုပ်လုပ်ငန်း) ၀၉၂၆၄၅၆၅၆၅၇** |
| ဖြန့်ချိရေး | **မဟာစာပေ** |
| | **အမှတ်-၁၅၂၊ ဇေယျသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့** |
| | **ဖုန်း - ၀၉၄၅၀၆၂၃၃၈၃ ၊ ၀၉၄၅၀၆၂၃၃၈၄** |
| တန်ဖိုး | **၇၅၀၀ ကျပ်** |

**ဇင်ယော်နီ**

**ရွှေအိမ်တော်အဖွင့်ကျမ်း ၊** ဇင်ယော်နီ
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၂၅
စာ ၁၂၆ ၊ ၂၀.၅ × ၁၂.၅ စင်တီ
(၂) **ရွှေအိမ်တော်အဖွင့်ကျမ်း**

# ရွှေအိမ်တော်

# **အဖွင့်ကျမ်း**

ဇင်ယော်နီ

မြေသန့်၊ အိမ်ပန္နက်၊ အိမ်ဆောက်၊ အိမ်တက်
မြေဝယ်၊ မြေရောင်း၊ အိမ်ဝယ်၊ အိမ်ရောင်း
ဂမ္ဘီရလမ်းညွှန်ချက်များ

မ ဟာ စာ ပေ ( စာ စဉ် – ၁၄၃ )

# မာတိကာ


| | |
|---|---|
| စမကြီးလေးလုံးဖြင့် ရေမန်း၊ ဆန်မန်း၊ သဲမန်း စီရင်နည်း | ၇ |
| မြေမျိုးငါးပါး မှတ်သားစေ | ၁၂ |
| မကောင်းတဲ့မြေကို သန့်ရန် ကြက်တောင်ပျံ | ၁၅ |
| သစ်ဝါးသန့်နည်း ဤသို့တည်း | ၁၇ |
| သစ်ခြောက် ဝါးခြောက် ဘယ်လိုဖျောက် | ၂၀ |
| ဖြူဖြူကြီးလား၊ မည်းမည်းကြီးလား ဒီလိုမောင်းထုတ်လိုက်ပါလား | ၂၂ |
| လှေဦးတိုက်၊ လှည်းဦးတိုက် မခိုက်ရလေအောင် | ၂၄ |
| တစ်သက်တာဆောင်ထားဖို့ လက်ဆောင်ပါးလိုက်ပါသည်။ | ၂၆ |
| ပရိဝါယ၊ အာယု သိအောင်ပြု | ၂၇ |
| ပန္နက်မင်္ဂလာပြုသောအခါ | ၃၂ |
| **အိမ်အဆောက်အအုံများ ဆောက်လုပ်သောအခါ အတိတ်နိမိတ်ကောင်းများ ရရှိစေရန်** | |
| (၁) ပန္နက်အသား ရွေးပါလား | ၃၄ |
| (၂) ပန္နက်ပန်းမာလာ ရွေးဖို့ရာ | ၃၅ |
| (၃) ပန္နက်တင်မင်္ဂလာ အစားအစာ | ၃၆ |
| အဆောက်အအုံ တန်းလန်း ဖြစ်နေလျှင် | ၃၇ |
| ရက်ရာဇာများ မှတ်လို့ထား | ၃၈ |
| ပြဿဒါးရက်များ မှတ်လို့ထား | ၃၉ |
| ခုနစ်ရက်သားသမီးများအတွက် မင်္ဂလာအခါတော်နေ့ | ၄၀ |
| အိမ်သစ်တက်မင်္ဂလာ အောင်ကြောင်းဖြာ | ၄၇ |
| အိမ်အမြန်ဝင်ချင်လို့လား ဒီလိုလုပ်ပါလား | ၄၈ |
| အိမ်အမြန်ရောင်းချင်လို့လား ဒီလိုလုပ်ပါလား | ၅၀ |
| မြေအမြန်ဝင်ချင်လို့လား ဒီလိုလုပ်ပါလား | ၅၂ |
| မြေအမြန်ရောင်းချင်လို့လား ဒီလိုလုပ်ပါလား | ၅၄ |

| | |
|---|---|
| အိုးအိမ်ကံကောင်းစေရန် | ၅၆ |
| မနိုင်ဝန်တွေ ထမ်းနေရသလား | ၅၇ |
| မကောင်းသောအရာများ မကပ်ငြိစေရန် ဝါစိမ်းနီကြက်လျှာအလံ | ၅၈ |
| ၄ ဂဏန်း၊ ၈ ဂဏန်း | ၅၉ |
| အခန်းအတွင်းတွင် သန့်စေချင် | ၆၀ |
| ခုနစ်ရက်သားသမီးများအတွက် တည်ဆောက်ပြုပြင်ရောင်းဝယ်ဖောက်ကား ပြုသင့်၊ မပြုသင့် အသက်အပိုင်းအခြား | ၆၁ |
| ဘယ်လမှာ အိမ်ဆောက်မလဲ | ၈၉ |
| နဂါးမင်းကြီး ဘယ်ကိုလှည့် ဒီလိုမှတ်ပါကွဲ့ | ၉၁ |
| ပျားစွဲခဲ့သော် နိမိတ်ပေါ် | ၉၂ |
| အန္တရာယ်ကင်း ပန္နက်တင် ဂါထာတော်ကြီး | ၉၃ |
| စမ္ပာနဝအင်း (ခေါ်) စေတန်ဂြိုဟ်အင်းတော်ကြီး | ၉၄ |
| သင်ဘယ်လိုအိမ်မျိုးနဲ့ နေရမလဲ | ၉၅ |
| အိမ်ရှေ့မျက်နှာစာ မင်္ဂလာ | ၁၀၂ |
| အကျိုးပေးအရောင် ရွေးရအောင် | ၁၀၉ |
| ခေါင်းရင်းဘက်အိမ်၊ ခြေရင်းဘက်အိမ် စီးပွားအခြေအနေက သင့်ကို ဘယ်လိုအကျိုးပြုသလဲ | ၁၁၈ |

# စမကြီးလေးလုံးဖြင့် ရေမန်း၊ ဆန်မန်း၊ သဲမန်း စီရင်နည်း

တစ်ညသ၌ ကျွန်ုပ်သည် အဘမင်းသိခ်၏ ခြေသလုံးအား တံတောင်ဖြင့် ကြိတ်ပေးနေလေ၏။ နှစ်ပေါင်းများစွာ အညောင်းထိုင်လာရသော အဘသည် လွန်စွာ အကြောတက်တတ်လေ၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် မကြာမကြာဆိုသလို အဘ၏ ခြေသလုံးအား တံတောင်ဖြင့် ကြိတ်ခြင်း၊ ခြေဖဝါးအား ဖနောင့်ဖြင့် ကြိတ်ခြင်း၊ ကျောကုန်းအား တံတောင်ဖြင့် ထောင်းခြင်းတို့ကို ပြုလုပ်ပေးရလေ၏။

ကျွန်ုပ်တို့က မည်မျှပင် အားစိုက်ပါသော်လည်း အဘအား နှိပ်နင်းပေးရသည်မှာ ဆင်ပြောင်ကြီးအား ခြင်ကိုက်သည့်နှယ်သာ ရှိပါလေတော့၏။ ကျွန်ုပ်တို့က ချွေးဒီးဒီးကျ၍ ခြေကုန်လက်ပန်း ကျနေပြီဖြစ်သော်လည်း အဘကမူ...

"နှိပ်စမ်းပါကွ၊ ဒီထက် အားထည့်စမ်းပါ၊ အမယ်လေးလို့ အော်မိရင်တောင် မလျှော့နဲ့ကွာ၊ အဲဒါ ယောင်ပြီးအော်တာ၊ တကယ့်ကို ငါ မခံနိုင်တော့ဘူးဆိုရင် အမယ်ကြီးလို့ အော်မယ်၊ အမယ်ကြီးလို့ အော်မှ နှိပ်တဲ့အားကို လျှော့လိုက်" ဟု ပြောလေ့ရှိလေ၏။

တစ်ခါတစ်ရံများဆိုလျှင် အဘ၏ ကျောကုန်းအား တံတောင်ဖြင့်

ကြိတ်ရင်း ကျွန်ုပ်တို့၏ တံတောင်ဆစ်များပွန်း၍ သွေးများပင် ထွက်လာသောကြောင့် အဘ၏ အင်္ကျီအဖြူတွင် သွေးစများပင် ပေနေတတ်လေ၏။

မှတ်မှတ်ရရ...၊ တစ်ခါတွင်မူ အဘ၏ ခြေဖဝါးအား ဖနောင့်ဖြင့် ကြိတ်ရာ အလွန်အမင်း အကြောတက်နေသော အဘက...

"ဒီထက် အားထည့်စမ်းပါကွ၊ ခပ်ပြင်းပြင်းလေး ကြိတ်စမ်းပါကွ" ဟု ပြောနေလေရာ ကျွန်ုပ်တို့မှာလည်း ထို့ထက်ပို၍ မတတ်နိုင်ကြပြီဖြစ်ရာ တပည့်အချင်းချင်း မျက်နှာရိပ်မျက်နှာကဲ ပြကြပြီးနောက် တစ်ဦးက မီးဖိုချောင်သို့ပြေး၍ ရေတက်ကျည်ပွေ့ကြီးကို ယူလာလေ၏။ ထို့နောက် ထိုရေတက်ကျည်ပွေ့ဖြင့် အဘ၏ ခြေဖဝါးအား ပယ်ပယ်နယ်နယ် ထောင်းကြလေတော့၏။ ထိုအခါကျမှ အဘက...

"အေးကွ၊ အဲဒီလို လုပ်စမ်းပါ၊ ထိတယ်ကွာ" ဟု ပြောလေတော့၏။

ထိုစဉ် ရောက်လာသော ဧည့်သည်များမှာ အလန့်တကြားပင် ထ၍ အော်ကြလေတော့၏။ သူတို့၏ အမြင်တွင် အဘိုးကြီးတစ်ဦးအား လူငယ် သုံး၊ လေးဦးက ဝိုင်း၍ ထုထောင်းနှိပ်စက်နေကြသည်ဟု ထင်မှတ်သွားဖွယ် ရှိလေတော့၏။ ထိုဧည့်သည်များ အော်မှပင် အဘလည်း သူ၏ ခြေဖဝါးအား ကျွန်ုပ်တို့ မောင်မင်းကြီးသားများက ရေတက်ကျည်ပွေ့ဖြင့် ထုထောင်းနေခြင်းဖြစ်ကြောင်း သိရှိသွားပါလေတော့၏။

ယခုလည်း ကျွန်ုပ်တို့ တပည့်များသည် အလှည့်ကျဆိုသလို အဘ၏ ခြေသလုံးအား တံတောင်ဖြင့် ကြိတ်ပေးနေကြလေ၏။ ထိုသို့ အနှိပ်ခံရင်း အဘ၏ ပါးစပ်မှ ပြောပြနေသော ဗေဒင်ဆိုင်ရာ ပညာခန်းများ၊ ဗဟုသုတအထွေထွေ၊ သမိုင်းကြောင်း ရာဇဝင်ကြောင်း၊ ဆေးအကြောင်း ဝါးအကြောင်း၊ ဟာသပုံပြင် စသည်တို့ကို နားထောင်မှတ်သားရသည်မှာလည်း ပြန်တွေးလေတိုင်း လွမ်းမပြေအောင် ဖြစ်ကြရပါလေတော့၏။

နေရာမှာ ဖြူးမြို့နှင့် တောင်ငူမြို့အကြား မိုင်တိုင်အမှတ် တစ်ရာ ငါးဆယ့်လေး အနီးတွင်ရှိသော စည်ကြီးတင်စေတီတော်ကြီး၏ဘေးရှိ အဘ၏ မဟာဂန္ဓာရီ စခန်းချရာ တဲကြီး၏ဘေး၌ ဖြစ်လေ၏။

အချိန်မှာ ညဦးပိုင်းဖြစ်၏။ ထိုည က လကြီးသည် ထိန်ထိန်သာလျက် ရှိလေ၏။ ထိုနေရာမှ အရှေ့ဘက် မလှမ်းမကမ်းတွင် ရန်ကုန်-မန္တလေး လမ်းမဟောင်းကြီး ရှိနေပြီး ထိုကားလမ်းမကြီးမှ တစ်ခေါ်သာသာ ခန့်တွင်လည်း ရန်ကုန်-မန္တလေး မီးရထားလမ်းမကြီး ရှိနေလေ၏။

ကားလမ်းမကြီးပေါ်တွင် အရှိန်ဖြင့် မောင်းနှင်သွားသော ကားကြီးများ၏ အသံ၊ ရန်ကုန်–မန္တလေး အစုန်အဆန် ရထားတို့၏ တဂျုန်းဂျုန်း ခုတ်မောင်းသွားသော အသံတို့ကို ထိုနေရာမှ ကြားနေရလေ့ရှိ၏၊ အဘက...

"ဟောဟိုမှာ၊ ရထားကြီး မောင်းသွားတယ်ကွ၊ မင်းတို့ ဘယ်လို ခံစားရလဲ" ဟု မေးလျှင် တပည့်လေးတစ်ဦးက...

"စိတ်ထဲမှာ လွမ်းသလိုလိုကြီး ဖြစ်သွားတယ် အဘရေ" ဟု ပြန်၍ ပြောလေ၏။ ထိုအခါ အဘက...

"လွမ်းသလိုလိုကြီး ဖြစ်ရအောင် အဲဒီရထားပေါ်မှာ မင်းအမျိုး ဘယ်နှယောက် ပါသွားလို့လဲ" ဟု ပြန်၍ပြောရာ ထိုတပည့်လည်း ဇက်ကလေး ပုသွားရင်း...

"အမျိုးတော့ ပါ၊ မပါ ဘယ်သိပ့်မလဲ အဘရယ်၊ ဒါပေမဲ့ ဘာလို့လဲ တော့ မသိဘူး၊ ရထားကြီးတစ်စီး မောင်းသွားတာကိုတွေ့ရင် လွမ်းပြီး ကျန်ရစ်ခဲ့သလိုကြီး ဖြစ်တာတော့ အမှန်ပဲ အဘရဲ့" ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း...

"ဟုတ်ပ့ါ အဘရယ်၊ မဆီမဆိုင် ရထားက သူ့ဘာသာသူ သွားတဲ့ ကိစ္စ ကျွန်တော်တို့က ဘာလို့ ဘာမှန်းမသိတာကြီးကို လွမ်းနေတယ် မဆိုနိုင်ပါဘူး၊ ကျွန်တော်တို့လည်း ဖြစ်တာပဲ အဘ" ဟု ပြောလိုက်လျှင် အဘက ရယ်နေလေ၏။ ထို့နောက်တွင်မှ...

"ဒီလိုကွ၊ သံသရာကြီးမှာ မင်းတို့၊ ငါတို့ဟာ ဆွေမျိုးတွေ၊ မိသားစုတွေနဲ့ ခွဲခဲ့ရပေါင်း များလှပြီ၊ မိသားစုတွေက ကိုယ့်ကိုထားပြီး ထွက်သွားတဲ့ အခါတွေရှိသလို ကိုယ်က မိသားစုကိုထားပြီး ထွက်ခွာသွားရတဲ့ အခါတွေလည်း ဘယ်နည်းတော့မလဲကွာ၊ အဲဒီတော့ သံသရာတစ်လျှောက် လုံးက အထုံပါလာခဲ့တဲ့ အလွမ်းဓာတ်ကြောင့် ရထားကြီး ထွက်သွားတာကို မြင်တဲ့အခါ ဘယ်လိုကြီးမှန်းမသိ ခံစားကြရတာကွ၊ နောက်ပြီးတော့ ရှိသေး တယ်၊ ရေကန်ကျယ်ကြီးတွေတို့၊ မြစ်ကြီးတွေ၊ ချောင်းကြီးတွေတို့ကို မြင်ရင်လည်း လူဟာ ဘာကိုမှန်းမသိဘဲ လွမ်းသလိုလို ဆွေးသလိုလိုကြီး ဖြစ်လာလေ့ ရှိတယ်ကွ" ဟု ပြောလျှင် တပည့်တစ်ယောက်က...

"ဟုတ်တယ် အဘ၊ ဟုတ်တယ်၊ ကျွန်တော်ဆိုရင်လေ ရေကန် ကြီးတွေကိုမြင်ရင် ငိုချင်လာရော အဘရယ်၊ ဘာလို့မှန်းလည်း မသိဘူး" ဟု ဝင်၍ ပြောလိုက်လေ၏။ အဘကလည်း တခစ်ခစ်ရယ်ရင်း...

"ဒီလိုကွ၊ လူတွေဟာ သေလွန်လို့ ဘဝခြားကြတဲ့အခါ မရဏ ဆိုတဲ့မြစ်ကို ဖြတ်ပြီး ကူးသွားကြရတယ်ကွ၊ ဒါကြောင့် လူတွေ သေတဲ့အခါ ကူးတို့ခဆိုပြီး ငွေတစ်မတ် ထည့်ထည့်ပေးကြရတာလေကွာ၊ ဆိုလိုချင်တာ ကတော့ သေသွားတဲ့ လူတစ်ယောက်နဲ့ ကျန်ရစ်သူတွေရဲ့ ကြားထဲမှာ မြစ်တစ်မြစ် ခြားသွားတယ်ကွ၊ ကျန်ရစ်သူတွေဟာ မြစ်ရဲ့ ဟိုမှာဘက်ကမ်း မှာ ကျန်ရစ်ခဲ့ကြတာလေကွာ၊

မြစ်ရဲ့ ဟိုဘက်မှာ မင်းတို့၊ ငါတို့ရဲ့ ဘဝဟောင်း ရှိနေတယ်၊ မိသားစုဟောင်းတွေ ရှိနေတယ်၊ အဲဒါကို မသိစိတ်က စွဲလမ်းပြီး ရေပြင် ကျယ်ကြီးတွေကို မြင်ရင် မသိစိတ်ကနေ ဟိုဘက်က ဘဝဟောင်းတွေနဲ့ မိသားစုဟောင်းတွေကို ပြန်လွမ်းသွားတာကွ၊

ရေဟာ ဒီဘက်ဘဝနဲ့ ဟိုဘက်ဘဝတွေရဲ့ ကြားခံဖြစ်နေတယ်၊ လူသားတွေနဲ့ ပရလောကရဲ့ ကြားခံလည်း ဖြစ်နေတယ်၊ အဲဒါကြောင့် လောကီပညာမှာ ဆန်မန်းတို့၊ သဲမန်းတို့ထက်စာရင် ရေမန်းကို ပိုပြီး တွင်တွင်ကျယ်ကျယ် သုံးကြတာပေါ့ကွ" ဟု ရှင်းပြလျှင် ကျွန်ုပ်တို့လည်း...

"သြော်၊ ဒါကြောင့်ကိုး" ဟု ရေရွတ်လိုက်မိကြပါလေတော့၏။ ကျွန်ုပ်က...

"ဟိုတစ်နေ့က ဒီနေရာမှာ အဘာ ဂန္ဓာရီအဓိဋ္ဌာန်ဝင်ဖို့ တဲကြီး ဆောက်တဲ့အခါ အဘာက ရေမန်း မန်းပြီး တဲဆောက်မယ့်နေရာ ပတ်ဝန်းကျင် ကို ပက်ခိုင်းတယ်နော်၊ အဲဒီလို အရေးအကြောင်း ကြုံတဲ့အခါ ရေမန်းက ဘယ်လို မန်းရတာလဲ အဘာ" ဟု မေးမိလေ၏။

အဘာသည် ဝမ်းလျားမှောက်၍ အနိုပ်ခံနေရာမှ ငုတ်တုတ်ထ၍ ထိုင်လေ၏။ ရေခဲရေတစ်ခွက်ကို တောင်း၍ သောက်လေ၏။ စီးကရက် တစ်လိပ်ကို ထုတ်ယူ၍ မီးညှိပြီး ရှိုက်ဖွာနေလေ၏။ ထို့နောက်တွင်မှ...

"ဒီလိုကွ၊ ရေမန်းတို့၊ ဆန်မန်းတို့၊ သဲမန်းတို့ စီရင်ချင်ရင် မြင်သာ အောင် ပြောရရင် သဲမန်း ဆိုပါတော့ကွာ၊

လင်ပန်းတစ်ချပ်ထဲမှာ သဲထည့်၊ အဲဒီ သဲပေါ်မှာ စဓဗဝ ဆိုတဲ့ စမကြီးလေးလုံးကို လက်ညှိုးနဲ့ ရေးရတယ်ကွ၊

**စ လုံးရေးတဲ့အခါ စက္ခုမြာစရ မာစိဏ္ဍော**
**ခ ရေးတဲ့အခါ ခမ္မညူ ခမ္မသာမိကော**
**ဗ ရေးတဲ့အခါ ဗလူပေတော ဗလခရော**
**ဝ ရေးတဲ့အခါ ဝရဒေါ ဒေတုမေဝရံ**

လို့ ရွတ်ဆိုပြီး ရေးရတယ်ကွ၊ ဘယ်နှခေါက် ရွတ်ရမလဲဆိုရင် သုံးဆယ့်ခုနစ်ခေါက် ရွတ်ရမယ်ကွ၊

အဲဒီ သဲမန်းတို့၊ ဆန်မန်းတို့၊ ရေမန်းတို့ကို မြေသန့်ချင်တဲ့ နေရာပတ်ဝန်းကျင်းမှာ ပက်လို့ဖျန်းလို့ ရတာပေါ့ကွာ၊ ကလေးတွေဘာတွေ မှာ အမှောင့်ပယောဂတွေ ဘာတွေ ကပ်တယ်လို့ ထင်ရင်လည်း ရေမန်း လုပ်ပြီး တိုက်လို့ ရတာပေါ့ကွာ" ဟု ပြောပြလေ၏။

ထိုညက ကျွန်ုပ်တို့သည် အဘအား အညောင်းပြေ နှိပ်နင်းပေးရင်း စခဗဝ စမကြီးလေးလုံးဖြင့် ရေမန်း၊ ဆန်မန်း၊ သဲမန်း စီရင်သောနည်းကို မှတ်သားခွင့် ရခဲ့ကြပါလေတော့သတည်း။ ။

**ရေမန်း၊ ဆန်မန်း၊ သဲမန်း**
**မန်းရန် စခဗဝ**
**ဂါထာတော်ကြီး**

**စက္ခုမြာစရ မာစိဏ္ဍော**
**ခမ္မညူ ခမ္မသာမိကော**
**ဗလူပေတော ဗလခရော**
**ဝရဒေါ ဒေတုမေဝရံ**

# မြေမျိုးငါးပါး မှတ်စေသား

ထိုစဉ်က အဘမင်းသိခ်သည် စည်ကြီးတင်စေတီတော်အနီး၌ အဓိဋ္ဌာန်ဝင်ရန် တဲကြီးတစ်လုံး ဆောက်နေချိန်ဖြစ်၏။ စည်ပင်သာရွာမှ အဘနှင့် လွန်စွာ ရင်းနှီးသည့် ဦးချစ်မြိုင် ဆိုသောလက်သမားဆရာကြီးက ထိုတဲကြီးကို ဆောက်လုပ်လေ၏ ။ လက်သမားဆရာကြီး ဦးချစ်မြိုင်အား ကျွန်ုပ်တို့က အဘိုးလေးဟု ခေါ်ကြလေ၏။ အဘက...

"ဦးချစ်မြိုင်ကိုတော့ သဘောကျတယ်ဟေ့၊ သူ လက်သမား လုပ်တာကလည်း ထွေလီကာလီ ဘာပစ္စည်းမှ မပါဘူး၊ ဓားမတိုလေး တစ်ချောင်းနဲ့ အကုန် လုပ်သွားတာ၊ သဘောကျသကွာ၊ အေးပေါ့လေ၊ တောလက်သမားဆိုတော့လည်း မြို့လက်သမားလို ပစ္စည်းပစ္စယ ဘယ်မှာ စုံပါ့မလဲ၊ ရှိတာလေးနဲ့ ဖြစ်အောင် လုပ်ကြရတာပေါ့ကွာ" ဟု ပြောလေ၏။

ကျွန်ုပ်တို့သည် ညပိုင်းများ၌ စေတီတော်၏ ဘေးရင်ပြင်တွင် နားနားနေနေ နေကြရင်း ဆောက်လက်စ တဲကြီးကိုကြည့်ကာ လရောင်အောက်၌ စကားစမြည် ပြောကြလေ၏။

စကားစမြည် ပြောကြသည်ဟု ဆိုရာ၌ အဘပြောပြသမျှကိုသာ နားထောင်မှတ်သားကြခြင်းဖြစ်ပြီး တစ်ခါတလေမှသာ တရားထောက်

ဆိုသကဲ့သို့ အဘ၏ စကားကို ထောက်ခံခြင်း၊ သိလိုသည်များကို ဝင်ရောက် မေးမြန်းခြင်းများ ပြုကြခြင်း ဖြစ်လေ၏။ ယခုလည်း လက်ဖက်ရည်ခွက် များကို ဝိုင်းလယ်တွင်ချ၍ ဆရာတပည့်များသည် ရောက်တတ်ရာရာများကို ပြောဆိုနေကြလေ၏။ ကျွန်ုပ်က...

"အဘ၊ တစ်ခါတလေ အဆောက်အအုံတွေဘာတွေ ဆောက်ခါနီး မှာ မြေမသန့်တာတို့ဘာတို့ ရှိတတ်တယ် ပြောတယ်၊ အဲဒီလို မြေမသန့်ရင် ဘယ်လိုလုပ်ရမလဲ အဘ" ဟု မေးမိရာ၊ အဘက...

"ဒီလိုကွ၊ မြေသန့်ခြင်း၊ မသန့်ခြင်း အသာထားဦး၊ ဘယ်မြေမှာ ဘာမဆောက်ကောင်းဘူး၊ ဘာဆောက်ကောင်းတယ်၊ လူမနေကောင်းဘူး၊ နေကောင်းတယ် ဆိုတာ ရှိတယ်ကွ၊ မြေမျိုးငါးပါး ရှိတယ်ကွ၊

နံပါတ်တစ်- အဖြူရောင်သန်းတဲ့မြေကို မြေပုဏ္ဏားလို့ ခေါ်တယ် ကွ၊ မြေပုဏ္ဏားပေါ်မှာ အိမ်တွေ၊ ကျောင်းတွေ၊ ဇရပ်တွေ ဆောက်ရတယ်ကွ၊

နံပါတ်နှစ်- အနီရောင်သန်းတဲ့မြေကို မြေဘုရင်လို့ ခေါ်တယ်ကွ၊ မြေဘုရင်မှာ နန်းတော်ဆောက်တာတို့၊ မင်းမျိုးမင်းနွယ်တွေ နေတာတို့ လုပ်ရတယ်ကွ၊ ဒီခေတ်ဆိုရင်တော့ အုပ်ချုပ်ရေးဆိုင်ရာ ရုံးတွေဘာတွေ ဆောက်သင့်တဲ့ မြေပေါ့ကွာ၊

နံပါတ်သုံး- အနက်ရောင်သန်းတဲ့မြေကိုတော့ မြေဒါသလို့ ခေါ် တယ်ကွ၊ အဲဒီမြေပေါ်မှာ လူမနေကောင်းဘူး၊ ဒုက္ခရောက်တတ်တယ်၊ လယ်ယာဥယျာဉ် စိုက်ပျိုးတဲ့အလုပ် လုပ်သင့်တဲ့ မြေပေါ့ကွာ၊

နံပါတ်လေး- အဝါရောင်သန်းတဲ့မြေကိုတော့ မြေပကတိလို့ ခေါ်တယ်ကွ၊ ငါတို့ သုဝဏ္ဏဘူမိဆိုတာ ရွှေရောင်သန်းတဲ့ မြေပေါ့ကွာ၊ အေး၊ အဲဒီလို မြေဝါပေါ်မှာတော့ ဘုရားစေတီ၊ ဘုန်းကြီးကျောင်း စတဲ့ ဘာသာရေး အဆောက်အအုံတွေပဲ ဆောက်လုပ်သင့်တယ်ကွ၊

နံပါတ်ငါး- ခပ်ပြာပြာရှိတဲ့ မြေကိုတော့ မြေကေသပ်လို့ ခေါ်တယ်၊ အဲဒီလို မြေမျိုးမှာ မြို့ရွာနိုင်ငံ တည်ထောင်ရတယ်ကွ၊ အဲဒါကို စာချိုး လေးနဲ့ အလွယ်မှတ်လို့ရအောင် ရှေးဆရာတွေက ရေးသွားခဲ့ပါတယ်ကွာ" ဟု ဆိုကာ မြေမျိုးငါးပါး မှတ်သားရန် လင်္ကာကို ရွတ်ဆိုပြလေ၏။ ကျွန်ုပ်တို့ ကလည်း အရအမိ မှတ်သားကြရလေ၏။ အောက်ပါအတိုင်း ဖြစ်ပါလေ တော့သတည်း။

မြေမျိုးငါးပါး မှတ်ရန်အလင်္ကာ

(၁) အဆင်းဖြူပြာ၊ မြေပုဏ္ဏား၊ စီးပွားဖြစ်တတ်စွာ။
မြေမင်းပုဏ္ဏား၊ ကျောင်းအိမ်များ၊ ဆောက်ထားဇရပ်ပါ။

(၂) အဆင်းနီလွင်၊ မြေဘုရင်၊ မင်းလျှင်ဖြစ်တတ်ပါ။
မြေဘုရင်မှာ၊ နန်းတော်ရာ၊ ချုပ်ခြာမင်းစိုးမှာ။

(၃) အဆင်းနက်က၊ မြေဒါသ၊ ဒုက္ခဘေးတွေ့ရာ။
မြေဒါသမှာ၊ ဥယျာဉ်ပါ၊ လယ်ယာလုပ်ကိုင်ရာ။

(၄) အဆင်းဝါဘိ၊ မြေပကတိ၊ သုခိအဝေရာ။
မြေပကတိမှာ၊ ရဟန်းသာ၊ နေရာလျော်လှပါ။

(၅) အဆင်းပြာလျှံ၊ ကေသပံ၊ နိုင်ငံတည်ထောင်ရာ။

■

# မကောင်းတဲ့မြေကိုသန့်ရန်
# ကြက်တောင်ပုံ

အဘသည် အေးစက်စပြုနေပြီဖြစ်သော လက်ဖက်ရည်ခွက်ကို ယူ၍ တစ်ကျိုက်မျှ မော့လေ၏။ ပြီးနောက် စီးကရက်တစ်လိပ်ကို ဘူးအတွင်းမှ ထုတ်ယူကာ မီးညှိ၍ စိမ်ပြေနပြေ ရှိုက်ဖွာနေလေ၏။ ကျွန်ုပ်က...

"အဘရယ်၊ မြေမျိုးငါးပါးတော့ သိပါပြီ၊ အဲဒီလို မြေမျိုးငါးပါးအနက် လူမနေကောင်းဘူး ဆိုတဲ့မြေတွေလည်း ရှိတယ်လေ၊ ဒီခေတ်ဒီအခါကြီးမှာက မြေဆိုတာက ရွှေလို ရှားသွားပြီ၊ ကိုယ့်စိတ်တိုင်းကျ ရွေးဖို့ မလွယ်ကြတော့ဘူး အဘရဲ့၊ တကယ်လို့များ လူမနေကောင်းတဲ့ မြေမျိုးမှာ မဖြစ်မနေ အိမ်ဆောက်ပြီး နေရမယ် ဆိုပါတော့၊ ဘာလုပ်ရမလဲ" ဟု မေးကြည့်ရာ အဘက...

"ဒီလိုကွ၊ လူမနေကောင်းတဲ့ မြေမည်းလို နေရာမျိုးမှာ မဖြစ်မနေ ကိုယ်က အိမ်ဆောက်ပြီး နေရတော့မယ် ဆိုပါတော့၊ အဲဒီမြေတစ်ကွက်လုံးကို ရှေးတုန်းကတော့ ထွန်နဲ့ထွန်လိုက်ရတယ်ကွ၊ မြေလှန်ပစ်လိုက်တယ် ဆိုတဲ့ သဘောပေါ့ကွာ၊ ပြီးတော့မှ လူနေကောင်းတယ် ဆိုတဲ့ မြေအဖြူလို နေရာမျိုးက မြေကို လှည်းတို့၊ ကားတို့နဲ့ တိုက်လာပြီး အောက်ခံမြေပေါ်မှာ ခင်းပစ်လိုက်ရတယ်ကွ၊ အဲဒီလို ပြုပြင်ပြီး နေမယ်ဆိုရင်တော့ နေလို့

ရသွားတာပေါ့ကွာ၊

ဒီခေတ်မှာဆိုရင်လည်း ရှေးက သင်္ချိုင်းဟောင်းတို့ ဘာတို့ အပေါ်မှာ လူနေအိမ်ခြေတွေ ဆောက်လုပ်လာတာမျိုးတွေ ရှိတယ်၊ အဲဒါ ဆိုရင်လည်း အခုနကလို မြေလှန်ပြီး ကောင်းမွန်တဲ့နေရာက မြေကို ယူပြီး အပေါ်က ခင်းပစ်လိုက်သင့်တာပေါ့ကွာ” ဟု ပြောပြလေ၏။

ကျွန်ုပ်က “မြေမသန့်ဘူးတို့ ဘာတို့ ဆိုတာတွေလည်း ကြားဖူး တယ်လေ အဘရဲ့၊ တချို့မြေတွေမှာက ဘာတွေရှိတယ်၊ ညာတွေရှိတယ်၊ မကောင်းဆိုးဝါးတွေ၊ ဖုတ်တွေ၊ ကျတ်တွေ၊ ဘီလူးတွေ ဘာတွေ ရှိတယ် ဆိုတာမျိုး ကြားဖူးတယ်၊ အဲဒီလို မြေမျိုးတွေမှာ အိမ်ဆောက်ရမယ် ဆိုရင်ရော၊ ဘယ်လိုလုပ်ရမလဲ အဘ” ဟု မေးပြန်လေရာ၊ အဘက...

“ဒီလိုကွ၊ မြေမသန့်တဲ့ နေရာမှာ မဖြစ်မနေ အိမ်ဆောက်ပြီး နေရတော့မယ်ဆိုရင် ကြက်တောင်ပျံလို့ခေါ်တဲ့ ကြက်ကို ရအောင် ရှာရ မယ်ကွ၊ တချို့အရပ်တွေမှာလည်း ကြက်မွေးပျံလို့ ခေါ်တယ်၊ ကြက်ရဲ့ တစ်ကိုယ်လုံးက အမွေးတွေက လန်ပြန်နေတဲ့ ကြက်ပေါ့ကွာ၊ မသန့်တဲ့ မြေမှာ အဲဒီကြက်ကို အစာရေစာ သေချာကျွေးပြီး လွှတ်ထားလိုက်ရင် အဲဒီမြေက ဘာမကောင်းဝါးပဲရှိရှိ ပြေးကြပါသတဲ့ဗျာ” ဟု ပြောပြသည် ဖြစ်ရာ ကျွန်ုပ်တို့မှာလည်း

**“မကောင်းဆိုးဝါးရှိတဲ့မြေကို**
**သန့်ချင်ရင်**
**ကြက်တောင်ပျံ လွှတ်ထားရတယ်”**

ဟု ပညာတစ်ခု တိုးသွားခဲ့ကြရပြန်ပါလေတော့သတည်း။ ။

■



၁၉၇၃ ခု၊ မေလ ၄ ရက်၊ သောကြာနေ့နံနက်မှာ အဖ ဦးကျော်မောင်း၊ အမိ ဒေါ်ခင်သန်းတို့မှ ဖွားမြင်ခဲ့ပြီး မွေးချင်း ၅ ယောက် အနက် အကြီးဆုံးသား ဖြစ်ပါတယ်။

အမည်ရင်းမှာ ဦးကျော်စိုးထွန်းဖြစ်ပြီး မြန်မာနိုင်ငံရဲ့ စာဆိုကျော် ပုဂ္ဂိုလ်ထူး အမြောက်အမြားပေါ်ထွန်းခဲ့ရာ တောင်တွင်းကြီးမြို့ဇာတိ ဖြစ်ပါတယ်။

မကွေးမြို့ ကန်သာ အမက (၁၀)၊ တောင်တွင်းကြီးမြို့ မြို့မ အမက၊ တောင်တွင်းကြီးမြို့ အထက (၁) ကျောင်းတွေမှာ ပညာသင်ယူခဲ့ပါတယ်။

အဋ္ဌမတန်းမှာ ပညာသင်ကြားနေစဉ် တောင်တွင်းကြီးမြို့ အထက(၁) ကျောင်းစာကြည့်တိုက် အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့ပြီး ကျောင်းနံရံကပ် စာစောင်များ၊ ကျပန်းစကားပြောပွဲများ၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ စာစီစာကုံး ပြိုင်ပွဲများက တစ်ဆင့် စာပေအနုပညာ သန္ဓေတည်ခွင့် ရခဲ့ပါတယ်။

အသက် ၁၄ နှစ်သား အရွယ်၊ ၉ တန်း ကျောင်းသားဘဝ၊ ၁၉၈၇ ခုနှစ်၊ ဩဂုတ်လထုတ် သင့်ဘဝမဂ္ဂဇင်းမှာ "မိဘကျေးဇူး" အမည်ရှိ ကဗျာတိုလေး ရွေးချယ် ဖော်ပြခံရပြီး စာပေလောကသို့ စတင်ဝင်ရောက်လာခဲ့ပါတယ်။

သင့်ဘဝမဂ္ဂဇင်း၊ သောကြာစာစောင်၊ အာရောဂျံမဂ္ဂဇင်း၊ စံပယ်ဖြူ မဂ္ဂဇင်း၊ မြားနတ်မောင်မဂ္ဂဇင်း၊ လုံမလေးမဂ္ဂဇင်း၊ ဟန်သစ်မဂ္ဂဇင်း .... စတာ တွေမှာ ကလောင်သစ်တစ်ဦးအဖြစ် ကလောင်သွေးခဲ့ပါတယ်။

၁၉၉၃ ခုနှစ်ကစလို့ ဟာသစာရေးဆရာကြီး ဆရာကြီးအိကြာကွေးရဲ့ အားပေးတိုက်တွန်းမှုနဲ့အတူ “ကျော်ပြောင်” ဟူသော ကလောင်အမည်နဲ့ ကာတွန်းတွေ၊ သရော်စာတွေ ရေးသားခဲ့ပါတယ်။

၁၉၉၅ ခုနှစ်မှာ ဆရာကြီးမင်းသိခ်ထံသို့ ရောက်ရှိသွားခဲ့ပြီး ဆရာကြီးနဲ့ အတူ နေထိုင်ရင်း စာပေအမွေ၊ ဗေဒင်ပညာအမွေတို့ကို အနီးကပ် ဆည်းပူး ရယူနိုင်ခဲ့ပါတယ်။

ဆရာကြီးမင်းသိခ် ဦးစီးထုတ်ဝေခဲ့သော မနောမယဂျာနယ်၊ မနော ကြာဖြူမဂ္ဂဇင်း၊ မဟာမြိုင်မဂ္ဂဇင်းတွေမှာ အယ်ဒီတာတစ်ဦးအဖြစ် ထမ်းရွက်ခွင့် ရခဲ့ပြီး မနောမယဂျာနယ်ကို အယ်ဒီတာချုပ်အဖြစ် တာဝန်ယူကာ ဆက်လက် ထိန်းသိမ်းခဲ့ပါတယ်။

ဆရာကြီးမင်းသိခ်နှင့်အတူ မှော်ဘီမြို့ အယူတော်မင်္ဂလာခြံကြီးမှာ သားသမီးတစ်ဦးပမာ နေထိုင်ခဲ့ပြီး ဗေဒင်သင်တန်းပြဆရာတစ်ဦးအဖြစ် ၁၀ နှစ်တာမျှ ထမ်းဆောင်ခဲ့ပါတယ်။

ဆရာကြီးမင်းသိခ် တည်ထောင်သော ပွဲကျောင်းသား (မြန်မာပြည်သား) မြန်မာ့ရိုးရာလက်ဝှေ့ကလပ်မှာ အသင်းတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပါတယ်။

ပထမဆုံးထုတ်ဝေခဲ့သော လုံးချင်းစာအုပ်မှာ ၂၀၀၃ ခုနှစ်က ထုတ်ဝေ ခဲ့သော “ရွှေနန်းတော်သို့ သွားရအောင်” အမည်ရှိဝတ္ထုဖြစ်ပြီး လုံးချင်းစာအုပ် ပေါင်း ၂၀ ကျော် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။

ဝတ္ထုအချို့ကို ဗီဒီယိုဇာတ်ကား၊ အသံလွှင့်ဇာတ်လမ်း၊ ရုပ်ပြစာအုပ် များအဖြစ်လည်း ရိုက်ကူး၊ ထုတ်လွှင့်၊ ထုတ်ဝေခြင်းများ ရှိခဲ့ပါတယ်။

ပရဟိတ လှုပ်ရှားမှုများအဖြစ် အယူတော်မင်္ဂလာ ဇီဝိတဒါနမိသားစုဟု စုစည်းကာ ၂၀၀၉ ခုနှစ်မှစ၍ စုပေါင်းသွေးလှူဒါန်းပွဲများ နှစ်စဉ်ပြုလုပ်လှူဒါန်းခဲ့ ပြီး မြန်မာနိုင်ငံ အထက်အောက် အလယ် ဒေသအသီးသီးမှ ဆေးရုံကြီးများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးခန်းများ၊ ကျေးလက် သားဖွားခန်းများ၊ လူမှုကူညီရေး ပရဟိတအဖွဲ့များထံသို့ အောက်ဆီဂျင်အိုး ၂၀၀ နီးပါး လှူဒါန်းခဲ့ ပြီး ဖြစ်ပါတယ်။

ရန်ကုန်မြို့ ကာတွန်းဦးဘဂျမ်းလမ်း၊ ကာတွန်းမီးထွန်းပွဲတော် ၂၀၁၈ခု နှင့် ၂၀၁၉ ခုနှစ်များတွင် ပရိသတ်အကြိုက်ဆုံး ဆုရှင်တစ်ဦးအဖြစ် ၂ နှစ် ဆက်တိုက် အရွေးချယ်ခံခဲ့ရပါတယ်။

မြန်မာ့အသံနှင့် ပတ္တမြားအက်ဖ်အမ်မှ နေ့စဉ် အသံလွှင့်ဟောစာတမ်း၊ mntv ရုပ်သံမှ နေ့စဉ်ဟောစာတမ်း အစီအစဉ်များကိုလည်း ထုတ်လွှင့်ခဲ့ပြီး ဂျာနယ်များ၊ အွန်လိုင်းမီဒီယာများမှာလည်း စာမူများ၊ ကာတွန်းများ၊ ဟောစာတမ်းများ ရေးသားလျက် ရှိပါတယ်။

■

# ဆရာဇင်ယော်နီ
# ရေးသားထွက်ရှိခဲ့ပြီးသော စာအုပ်များ

၁။ **ရွှေနန်းတော်သို့ သွားရအောင်**
၂၀၀၃ ခုနှစ် ဇူလိုင်လ/၂၀၀၆ ခုနှစ် မေလ
၂။ **လွယ်လိုက်တဲ့ဖြစ်ခြင်း မရမ်းတလင်းယတြာများ အမှတ်(၁)**
၂၀၀၃ ခုနှစ် စက်တင်ဘာ
၃။ **ဝေဇယန္တာဘုံနန်း**
၂၀၀၃ ခုနှစ် ဒီဇင်ဘာလ
၄။ **ရသေ့ကြီးဦးရွှေတောင်၏ ဘဝဇာတ်ကြောင်းများ**
၂၀၀၄ မတ်/၂၀၀၇ နိုဝင်ဘာ
၅။ **ရသေ့ကြီး ဦးရွှေတောင်နှင့် လောကပင်လယ်**
၂၀၀၄ ခုနှစ် ဇွန်လ
၆။ **ယတြာလမ်း**
၂၀၀၄ ခုနှစ် အောက်တိုဘာလ
၇။ **လွယ်လိုက်တဲ့ဖြစ်ခြင်း မရမ်းတလင်းယတြာများ အမှတ် (၂)**
၂၀၀၅ ခုနှစ် ဇွန်လ
၈။ **ယခင်ဘဝမှ အဆက်**
၂၀၀၅ ခုနှစ် စက်တင်ဘာ/၂၀၀၇ ခုနှစ် အောက်တိုဘာ
၉။ **ရွှေလမ်းငွေလမ်း ညွှန်လိုက်မယ်**
၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ
၁၀။ **ဒေါ်ဝါယောနှင့် လောကဇာတ်ခုံ ယတြာစုံ အမှတ်(၁)**
၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ
၁၁။ **ဒေါ်ဝါယောနှင့် လောကဇာတ်ခုံ ယတြာစုံ အမှတ်(၂)**
၂၀၀၇ ခုနှစ် ဧပြီလ
၁၂။ **လွယ်လိုက်တဲ့ဖြစ်ခြင်း မရမ်းတလင်းယတြာများ အမှတ်(၃)**
၂၀၀၉ ဩဂုတ်လ

၁၃။ **ယနေ့ယခု ဝေဠုနဒီ**
၂၀၀၇ ခုနှစ် ဩဂုတ်

၁၄။ **လက်ယာတောင်ကျွန်းမှာ ထွန်းတဲ့ နိမိတ်များ**
၂၀၀၈ ခုနှစ် ဇူလိုင်လ

၁၅။ **ရွှေတဲရော့**
၂၀၀၈ ခုနှစ်၊ ဩဂုတ်လ

၁၆။ **အဘပြောပြခဲ့တဲ့ လှဖေနဲ့ မြမေ**
၂၀၀၉ ခုနှစ် စက်တင်ဘာလ

၁၇။ **ဒေါက်တာမင်းသိခ်နှင့် ဒေါက်တာဒဂုန်**
၂၀၁၀ ခုနှစ် ဇန်နဝါရီလ

၁၈။ **ရိုစီမနှင့် လိုတရ ယတြာများ အမှတ် (၁)**
၂၀၁၀ ခုနှစ် ဩဂုတ်လ

၁၉။ **ရသေ့ကြီး ဦးရွှေတောင်နှင့် ရတနာရွှေအိုး**
၂၀၁၀ ခုနှစ် စက်တင်ဘာလ

၂၀။ **ရိုစီမနှင့် လိုတရ ယတြာများ အမှတ် (၂)**
၂၀၁၁ ခုနှစ် ဇူလိုင်လ

၂၁။ **မင်းသိခ်၏ ရတနာသိုက်**
၂၀၁၄ ခုနှစ် ဇွန်လ

၂၂။ **ရွှေအိမ်တော်အဖွင့်ကျမ်း**
၂၀၁၆ ခုနှစ် ဇန်နဝါရီ

၂၃။ **မင်းသိခ်ပြောခဲ့သော နိုင်ငံရေးပုံပြင်များ**
၂၀၁၆ ခုနှစ် ဇန်နဝါရီ

၂၄။ **ရသမဏ္ဍလ အမှတ်(၁)**
၂၀၁၉ ခုနှစ် ဇွန်လ

၂၅။ **ရွှေစကားငွေစကား ဂမ္ဘီရလက်ဆောင်များ**
၂၀၂၄ ခု မတ်လ စသည်တို့ ဖြစ်ကြပါတယ်။